# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# နှမ်း

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

# အမှတ်စဉ် (၀၀၀၂)

**(HS–Code 120740)**

**Sesame Seeds, Whether or not broken**








**January 2020**

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 120740 Sesame Seeds

(HS–Code 120740)

Sesame Seeds whether or not broken


ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်


၂၀၁၈ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

Fig 1: Top 10 World importers in 2018

| No | Importers | Value Imported in 2018 (US$,000) | Quantity Imported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | China | 1067412 | 828211 | 1289 | 36.2 |
| 2 | Japan | 213701 | 157170 | 1360 | 7.3 |
| 3 | Turkey | 198094 | 152237 | 1301 | 6.7 |
| 4 | Korea, Republic of | 123320 | 72063 | 1711 | 4.2 |
| 5 | Iran, Islamic Republic of | 92856 | 61997 | 1498 | 3.2 |
| 6 | Israel | 92052 | 53458 | 1722 | 3.1 |
| 7 | Egypt | 77282 | 44881 | 1722 | 2.6 |
| 8 | United States of America | 74535 | 36090 | 2065 | 2.5 |
| 9 | Saudi Arabia | 70629 | 50961 | 1386 | 2.4 |
| 10 | India | 65667 | 49564 | 1325 | 2.2 |
| 11 | other | 869793 | 599698 | –13981 | 29.6 |
| 12 | World Total | 2945341 | 2106330 | 1398 | 100 |

Source : ITC TradeMap


Top10 World Importers In 2018
1200000
1000000
800000
600000
400000
200000
0
China
Japan
Turkey
Korea, Republic of
Iran, Islamic Republic of
Israel
Egypt
United States of America
Saudi Arabia
India
other
Value imported in 2018 (USD thousand)
Quantity imported in 2018


List of importing countries for the selected product in 2018
Product : 120740 Sesamum seeds, whether or not broken
Greenland
Canada
United States of America
Mexico
Cuba
Peru
Brazil
Chile
Norway
Russian Federation
Ukraine
Kazakhstan
Mongolia
China
Italy
Spain
Turkey
Iraq
Pakistan
India
Algeria
Egypt
Mali
Niger
Chad
Sudan
Nigeria
Ethiopia
Angola
Australia
Imported value, USD thousand
N.A.
0 - 10,674 USD thousand
10,674 - 53,371 USD thousand
53,371 - 106,741 USD thousand
106,741 - 213,482 USD thousand
213,482 - 533,706 USD thousand
> 533,706 USD thousand

၁။ ဖော်ပြပါ (HS.Code– 120740) နှမ်းအား ၂၀၁၈ ခုနှစ်တွင် အများဆုံးဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ တရုတ်၊ ၊ ဂျပန်၊ တူရကီ၊ ကိုရီးယား၊ အီရန်၊ အစ္စရေး၊ အီဂျစ်၊ အမေရိကန်၊ ဆော်ဒီအာရေဗျနှင့် အိန္ဒိယတို့ ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ တရုတ်၏ ၂၀၁၈ ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၁၀၆၇ ဒသမ ၄၁၂ သန်းရှိပြီး ကမ္ဘာ့နှမ်းဈေးကွက်၏ ဈေးကွက်ဝေစု ၃၆ ဒသမ ၂ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ဂျပန်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂၁၃ ဒသမ ၇၀၁ သန်းဈေးကွက်ဝေစု ၇ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ တူရကီက ကန်ဒေါ်လာ ၁၉၈ ဒသမ ၀၉၄ သန်းဈေးကွက်ဝေစု ၆ ဒသမ ၇ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ ကိုရီးယား၊ အီရန်၊ အစ္စရေး၊ အီဂျစ်၊ အမေရိကန်၊ ဆော်ဒီအာရေဗျနှင့် အိန္ဒိယတို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့နှမ်း တင်သွင်းသည့်နိုင်ငံပေါင်း ၁၈၀ နိုင်ငံရှိပြီး၊ ကမ္ဘာ့ထိပ်တန်း ၁၀နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် အမေရိကန်က ဝယ်ယူသည့် ဈေးမှာအမြင့်ဆုံးဖြစ်ပြီး အီဂျစ်နှင့် အစ္စရေးက ဒုတိယ၊ ကိုရီးယားက တတိယ၊ အီရန်က စတုတ္ထနှင့် ဆော်ဒီအာရေဗျက ပဥ္စမတို့ ဖြစ်ကြသည်။

**မြန်မာ့ နှမ်းတင်ပို့သည့် ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)**

**Fig 2: Top 10 Importers of Myanmar in 2018**

| Importer Countries | Value Imported in 2017 (US$,000) | Quantity Imported in 2017(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 112472 | 87614 | 1284 | 74.2 |
| Korea, Republic of | 12217 | 7575 | 1613 | 8.1 |
| Japan | 9952 | 6214 | 1602 | 6.6 |
| Singapore | 8300 | 6176 | 1344 | 5.5 |
| Taipei, Chinese | 3580 | 2818 | 1270 | 2.4 |
| Thailand | 3323 | 2251 | 1476 | 2.2 |
| Hong Kong, China | 1539 | 540 | 2850 | 1 |
| Viet Nam | 60 | 38 | 1579 | 0 |
| Malaysia | 29 | 19 | 1526 | 0 |
| India | 23 | 8 | 2875 | 0 |

Source : ITC TradeMap

၂။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ နှမ်းအား အများဆုံး တင်ပို့ရောင်းချခဲ့သည့်နိုင်ငံများမှာ ITC Trade Map အရ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ တိုင်ပေ(တရုတ်)၊ ထိုင်း ၊ ဟောင်ကောင် (တရုတ်) ၊ ဗီယက်နမ်၊ မလေးရှားနှင့် အိန္ဒိယတို့ ဖြစ်ကြသည်။

## ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ နှမ်းတင်ပို့မှု

၃။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ နှမ်းတင်ပို့မှု ပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ နှမ်းတင်ပို့မှု တန်ဖိုးပြဇယား**

**Fig 3: List of exporters for the selected product**

Product: 120740 Sesamum seeds, whether or not broken

Unit : US Dollar thousand

| NO | Exporters | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 | Exported value in 2018 |
|---|---|---|---|---|---|---|
| 1 | Sudan | | 841237 | | 411810 | 621136 |
| 2 | India | 813602 | 477617 | 415203 | 435559 | 530679 |
| 3 | Ethiopia | 614983 | 403697 | 431332 | 388681 | 349859 |
| 4 | Nigeria | 526367 | 351257 | 106786 | 124338 | 246647 |
| 5 | Myanmar | 222213 | 174809 | 166001 | 164157 | 151496 |
| 6 | Togo | 2970 | 4137 | 3972 | 1584 | 132159 |
| 7 | Burkina Faso | 132379 | 169760 | 112957 | 96799 | 128613 |
| 8 | Tanzania, United Republic of | 324415 | 129750 | 129570 | 74143 | 80077 |
| 9 | China | 97585 | 70820 | 49206 | 65200 | 78790 |
| 10 | Pakistan | 65402 | 40506 | 32539 | 43491 | 73497 |
| 11 | Other | 1085405 | 618917 | 749182 | 383599 | 519138 |
| 12 | World Total | 3885321 | 3282507 | 2196748 | 2189361 | 2912091 |

Source: ITC Trade Map

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် ( ၅) တွင်ရှိပါသည်။

## ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ နှမ်း တင်ပို့မှု ပမာဏပြဇယား

**Fig 4: List of exporters for the selected product**

Product: 120740 Sesamum seeds, whether or not broken

| Sr. | Exporters | 2014 Exported quantity, Tons | 2015 Exported quantity, Tons | 2016 Exported quantity, Tons | 2017 Exported quantity, Tons | 2018 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | Sudan | | 296008 | | 549263 | 464378 |
| 2 | India | 372432 | 303545 | 325908 | 331524 | 326828 |
| 3 | Ethiopia | 284488 | 288356 | 411542 | 333578 | 243676 |
| 4 | Nigeria | 46706 | 0 | No Quantity | No Quantity | 225086 |
| 5 | Burkina Faso | 94889 | 171461 | 159837 | 110490 | 163559 |
| 6 | Myanmar | 95073 | 102409 | 103756 | 132289 | 113253 |
| 7 | Togo | 12748 | 29669 | 25306 | 12280 | 104587 |
| 8 | Tanzania, United Republic of | 116877 | 135081 | 133752 | 80396 | 66480 |
| 9 | Pakistan | 33348 | 26761 | 22489 | 35520 | 48837 |
| 10 | China | 34518 | 31480 | 26265 | 36013 | 41680 |
| 11 | Other | 580016 | 366337 | 335631 | 271743 | 331191 |
| 12 | World Total | 1671095 | 1751107 | 1544486 | 1893096 | 2129555 |

Source: ITC Trade Map

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၆ ) တွင်ရှိပါသည်။

၄။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့စျေးကွက်တွင် နှမ်း တင်ပို့သော နိုင်ငံ ၁၄၃ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၆၊ တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၅ နေရာ တွင်ရှိနေပါသည်။

# အာရှထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)

**Fig 5: Top 10 Asia Importers in 2018**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|
| China | 1067412 | 828211 | 1289 | 36.2 |
| Japan | 213701 | 157170 | 1360 | 7.3 |
| Turkey | 198094 | 152237 | 1301 | 6.7 |
| Korea, Republic of | 123320 | 72063 | 1711 | 4.2 |
| Iran, Islamic Republic of | 92856 | 61997 | 1498 | 3.2 |
| Israel | 92052 | 53458 | 1722 | 3.1 |
| Saudi Arabia | 70629 | 50961 | 1386 | 2.4 |
| India | 65667 | 49564 | 1325 | 2.2 |
| Taipei, Chinese | 52011 | 38797 | 1341 | 1.8 |
| Viet Nam | 48113 | 0 | | 1.6 |

Source : ITC TradeMap


၅။ လှေ့လာနေသော နှမ်းကို အာရှနိုင်ငံများအနက် အများဆုံး ဝယ်ယူလျက်ရှိသော နိုင်ငံများမှာ တရုတ်၊ ဂျပန်၊ တူရကီ၊ ကိုရီးယား၊ အီရန်၊ အစ္စရေး၊ ဆော်ဒီအာရေဗျ၊ အိန္ဒိယ၊ ထိုင်ပေ (တရုတ်)နှင့် ဗီယက်နမ်တို့ဖြစ်ကြသည်။ တရုတ်သည် ၂၀၁၈ ခုနှစ်တွင် သွင်းကုန် တန်ဘိုး ကန်ဒေါ်လာ ၁၀၆၇ ဒသမ ၄၁၂ သန်းဖိုးနှင့် အရေအတွက် ၈၂၈၂၁၁ တန်ဖြင့် အများဆုံး ဝယ်ယူခဲ့ပြီး ဂျပန်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂၁၃ ဒသမ ၇၀၁ သန်းဖိုးနှင့် အရေအတွက် ၁၅၇၁၇၀ တန်ဖြင့် ဒုတိယအများဆုံး၊ တူရကီက ကန်ဒေါ်လာ ၁၉၈ ဒသမ ၀၉၄ သန်းဖိုး၊ အရေအတွက် ၁၅၂၂၃၇ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ကိုရီးယား၊ အီရန်၊ အစ္စရေး၊ ဆော်ဒီအာရေဗျ၊ အိန္ဒိယ၊ ထိုင်ပေ (တရုတ်)နှင့် ဗီယက်နမ်တို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)

### Fig 6. Top 10 World exporters in 2018


| Exporters | Value Exported in 2018 (US$,000) | Quantity Exported in 2018 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Sudan | 621135 | 464378 | 1338 | 21.3 |
| India | 530679 | 326828 | 1624 | 18.2 |
| Ethiopia | 349859 | 243676 | 1436 | 12 |
| Nigeria | 246647 | 225086 | 1096 | 8.5 |
| Myanmar | 151496 | 113253 | 1338 | 5.2 |
| Togo | 132158 | 104588 | 1264 | 4.5 |
| Burkina Faso | 128613 | 163559 | 786 | 4.4 |
| Tanzania, United Republic of | 80077 | 66480 | 1205 | 2.7 |
| China | 78790 | 41680 | 1890 | 2.7 |
| Pakistan | 73497 | 48837 | 1505 | 2.5 |

Source : ITC TradeMap



List of exporting countries for the selected product in 2018

Product : 120740 Sesamum seeds, whether or not broken




၆။ ၂၀၁၈ ခုနှစ်တွင် နှမ်း(HS.Code–120740)အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ ဆူဒန်၊ အိန္ဒိယ၊ အီသီယိုးပီးယား၊ နိုင်ဂျီးရီးယား၊ မြန်မာ၊ တိုဂို၊ ဘာကီနားဖားဆို၊ တန်ဇန်းနီးယား၊ တရုတ်၊ ပါကစ္စတန်တို့ဖြစ်ကြသည်။ ဆူဒန်က ကန်ဒေါ်လာ ၆၂၁ ဒသမ ၁၃၅ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၁ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကိုတွေ့ရသည်။ ဒုတိယနေရာရှိ အိန္ဒိယကလည်း ကန်ဒေါ်လာ ၅၃၀ ဒသမ ၆၇၉ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၈ ဒသမ ၂ ရာခိုင်နှုန်း၊ တတိယနေရာရှိ အီသီယိုးပီးယားက ကန်ဒေါ်လာ ၃၄၉ ဒသမ ၈၅၉ သန်းဖိုးနှင့် ဈေးကွက်ဝေစု ၁၂ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် နိုင်ဂျီးရီးယား၊ မြန်မာ၊ တိုဂို၊ ဘာကီနားဖားဆို၊ တန်ဇန်းနီးယား၊ တရုတ်၊ ပါကစ္စတန်တို့ကအစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေနှင့် တရုတ်က ပထမ၊ အိန္ဒိယက ဒုတိယ၊ ပါကစ္စတန်ကတတိယ၊ အီသီယိုးပီးယားက စတုတ္ထ၊ ဆူဒန်နှင့် မြန်မာက ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့နှမ်းတင်ပို့သောနိုင်ငံ (၁၁၈) နိုင်ငံရှိပြီး မြန်မာနိုင်ငံက အဆင့်(၅) နေရာတွင်ရှိသည်။

## EU နိုင်ငံများမှ နှမ်း တင်သွင်းမှု

၇။ ၂၀၁၈ ခုနှစ်တွင် နှမ်းအများဆုံး တင်သွင်းခဲ့သော EUထိပ်တန်း (၅) နိုင်ငံမှာ ဂျာမဏီ၊ ဂရိ၊ နယ်သာလန်၊ ပြင်သစ်၊ ပိုလန်တို့ဖြစ်ကြပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် (၅) နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် (၂)နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**Fig 7. Top Five EU Importers with the Biggest Growth in value Between 2014 and 2018**

| Importer | Annual growth in value between 2014-2018 (%) | Annual growth in value between 2017-2018 (%) |
|---|---|---|
| Germany | -10 | 13 |
| Greece | -11 | 21 |
| Netherlands | -5 | 35 |
| France | -5 | 19 |
| Poland | -5 | 24 |

၈။ နှမ်းအများဆုံး တင်သွင်းသော EUထိပ်တန်း (၅) နိုင်ငံ၏ ၂၀၁၈ ခုနှစ်အတွက် တင်သွင်းမှု ပမာဏနှင့် တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကိုအောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည် -

**Fig 8. Top Five Sesamum seeds, whether or not broken Importers of EU in 2018**

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2018 (USD thousand) | Quantity imported in 2018 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 305242 | 166388 | 1835 | 10.4 |
| Germany | 61652 | 33301 | 1851 | 2.1 |
| Greece | 49693 | 31160 | 1595 | 1.7 |
| Netherlands | 48879 | 26830 | 1822 | 1.7 |
| France | 25690 | 12565 | 2045 | 0.9 |
| Poland | 22753 | 13388 | 1700 | 0.8 |

source : ITC Trade Map

၉။ ၂၀၁၈ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် နှမ်းတင်သွင်းမှု ပမာဏသည် ၁၆၆၃၈၈ တန် ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၃၀၅ ဒသမ ၂၄၂ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၁၀ ဒသမ ၄ ရာခိုင်နှုန်းဈေးကွက်ဝေစုရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် တရုတ်၊ ဂျပန်၊ စင်ကာပူ၊ အမေရိကန်၊ ဂျာမဏီ၊ ဂရိ၊ နယ်သာလန်၊ ပြင်သစ်၊ ပိုလန်တို့က MFN duties သုညရာခိုင်နှုန်း၊ အိန္ဒိယက MFN duties သုညဒသမ ၃ ရာခိုင်နှုန်း၊ ကိုရီးယားက MFN duties ၆၀၃ ရာခိုင်နှုန်း သို့မဟုတ် တစ်ကီလို ဂရမ်ကို ၆၆၆၀ ဝမ်နှုန်းများရာကိုလည်းကောင်း၊ ASEAN Countries အတွက် ၅၀၄ ရာခိုင်နှုန်း သို့မဟုတ် တစ်ကီလိုဂရမ်ကို ၅၃၂၈ ဝမ်နှုန်းများရာကိုလည်းကောင်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

Tariff Rate of Sesamum seeds

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| China | MFN duties (Applied) | 0 |
| Japan | MFN duties (Applied) | 0 |
| Singapore | MFN duties (Applied) | 0 |
| Netherlands | MFN duties (Applied) | 0 |
| India | MFN duties (Applied) | 0.3 |
| U S A | MFN duties (Applied) | 0 |
| Korea | MFN duties (Applied) | 630% or 6,660 won/kg, whichever is higher |
| | Preferential tariff for ASEAN countries | 504% or 5,328 won/kg, whichever is higher |
| Germany | MFN duties (Applied) | 0 |
| Greece | MFN duties (Applied) | 0 |
| Netherlands | MFN duties (Applied) | 0 |
| France | MFN duties (Applied) | 0 |
| Poland | MFN duties (Applied) | 0 |

Source: Market Access Map

အလားအလာရှိသောဈေးကွက်တစ်ခုစီလေ့လာချက်

တရုတ် ဈေးကွက်

**Fig 9: Top 10 world exporters to China in 2018**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Sudan | 324987 | 254935 | 1275 | 30.4 |
| Ethiopia | 216438 | 160945 | 1345 | 20.3 |
| Niger | 166523 | 141814 | 1174 | 15.6 |
| Togo | 127353 | 101227 | 1258 | 11.9 |
| Tanzania, United Republic of | 84080 | 57749 | 1456 | 7.9 |
| Mozambique | 74845 | 52959 | 1413 | 7 |
| Mali | 21770 | 17723 | 1228 | 2 |
| Uganda | 17269 | 13558 | 1274 | 1.6 |
| Myanmar | 9485 | 7524 | 1261 | 0.9 |
| India | 8789 | 6977 | 1260 | 0.8 |

Source : ITC Trade Map

ကိုရီးယား ဈေးကွက်

**Fig 10: Top 10 world exporters to** Korea, Republic of **in 2018**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 62589 | 32012 | 1955 | 50.8 |
| India | 43171 | 28798 | 1499 | 35 |
| Nigeria | 5765 | 3948 | 1460 | 4.7 |
| Pakistan | 4719 | 2825 | 1670 | 3.8 |
| Togo | 2791 | 1854 | 1505 | 2.3 |
| Ethiopia | 2214 | 1573 | 1408 | 1.8 |
| Myanmar | 619 | 300 | 2063 | 0.5 |
| Mexico | 580 | 234 | 2479 | 0.5 |
| Indonesia | 263 | 126 | 2087 | 0.2 |
| Niger | 235 | 180 | 1306 | 0.2 |

Source : ITC Trade Map

ဂျပန် ဈေးကွက်

Fig 11: Top 10 world exporter to Japan in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Nigeria | 62545 | 53232 | 1175 | 29.3 |
| Burkina Faso | 41261 | 35575 | 1160 | 19.3 |
| Tanzania,United Republic of | 16515 | 12801 | 1290 | 7.7 |
| Paraguay | 13663 | 7144 | 1913 | 6.4 |
| Myanmar | 13166 | 7358 | 1789 | 6.2 |
| Ethiopia | 12363 | 8172 | 1513 | 5.8 |
| Mozambique | 12282 | 9283 | 1323 | 5.7 |
| Guatemala | 8980 | 4555 | 1971 | 4.2 |
| Pakistan | 5878 | 4311 | 1363 | 2.8 |
| Mexico | 3827 | 1582 | 2419 | 1.8 |

Source : ITC Trade Map

စင်ကာပူ ဈေးကွက်

Fig 12: Top 10 world exporter to Singapore in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 2257 | 1652 | 1366 | 28.2 |
| Myanmar | 1509 | 1186 | 1272 | 18.8 |
| Nigeria | 938 | 613 | 1530 | 11.7 |
| Mexico | 729 | 318 | 2292 | 9.1 |
| Brazil | 705 | 461 | 1529 | 8.8 |
| China | 570 | 196 | 2908 | 7.1 |
| Pakistan | 412 | 309 | 1333 | 5.1 |
| Niger | 240 | 157 | 1529 | 3 |
| Togo | 230 | 150 | 1533 | 2.9 |
| Thailand | 81 | 28 | 2893 | 1 |

Source : ITC Trade Map

ထိုင်း ဈေးကွက်

Fig 13: Top 10 world exporters to Thailand in 2018

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|
| Myanmar | 6052 | 3352 | 1805 | 39.4 |
| China | 4370 | 2272 | 1923 | 28.5 |
| Bangladesh | 1567 | 3063 | 512 | 10.2 |
| India | 1456 | 3523 | 413 | 9.5 |
| Lao People's Democratic Republic | 755 | 773 | 977 | 4.9 |
| Mexico | 277 | 95 | 2916 | 1.8 |
| Pakistan | 209 | 193 | 1083 | 1.4 |
| Thailand | 180 | 113 | 1593 | 1.2 |
| Viet Nam | 165 | 98 | 1684 | 1.1 |
| Sri Lanka | 142 | 320 | 444 | 0.9 |

Source : ITC Trade Map

အိန္ဒိယ ဈေးကွက်

Fig 14: Top 10 world exporter to India in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Pakistan | 14131 | 9053 | 1561 | 47.4 |
| Nigeria | 12232 | 9703 | 1261 | 41 |
| United Arab Emirates | 1584 | 1030 | 1538 | 5.3 |
| Korea, Republic of | 476 | 300 | 1587 | 1.6 |
| Tanzania, United Republic of | 280 | 198 | 1414 | 0.9 |
| Mozambique | 228 | 185 | 1232 | 0.8 |
| Ghana | 160 | 462 | 346 | 0.5 |
| Burkina Faso | 147 | 114 | 1289 | 0.5 |
| Netherlands | 144 | 97 | 1485 | 0.5 |
| Saudi Arabia | 140 | 20 | 7000 | 0.5 |
| Myanmar | 23 | 8 | 2875 | 0.1 |

Source : ITC Trade Map

အမေရိကန် ဈေးကွက်

**Fig 15: Top 10 world exporter to United States of America in 2018**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 40801 | 20697 | 1971 | 54.7 |
| Guatemala | 13286 | 6245 | 2127 | 17.8 |
| Mexico | 5964 | 2509 | 2377 | 8 |
| Pakistan | 3163 | 1686 | 1876 | 4.2 |
| Ethiopia | 2480 | 1225 | 2024 | 3.3 |
| Nigeria | 1668 | 1044 | 1598 | 2.2 |
| China | 1298 | 404 | 3213 | 1.7 |
| Bolivia, Plurinational State of | 1074 | 372 | 2887 | 1.4 |
| Turkey | 1027 | 458 | 2242 | 1.4 |
| Paraguay | 1007 | 557 | 1808 | 1.4 |

Source : ITC Trade Map

နယ်သာလန် ဈေးကွက်

**Fig 16: Top 10 world exporter to** Netherlands **in 2018**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 20064 | 11695 | 1716 | 41 |
| Germany | 6414 | 3347 | 1916 | 13.1 |
| Mexico | 5890 | 2486 | 2369 | 12.1 |
| Nigeria | 4259 | 3036 | 1403 | 8.7 |
| Ethiopia | 1982 | 1092 | 1815 | 4.1 |
| Uganda | 1769 | 935 | 1892 | 3.6 |
| Guatemala | 1474 | 834 | 1767 | 3 |
| Turkey | 1186 | 658 | 1802 | 2.4 |
| Bolivia, Plurinational State of | 1164 | 501 | 2323 | 2.4 |
| Poland | 834 | 359 | 2323 | 1.7 |

Source : ITC Trade Map

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် နှမ်းအများဆုံး တင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့နှမ်းအများဆုံး ဝယ်ယူသော နိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၃၆ ဒသမ ၂ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယ ဂျပန်က ဈေးကွက်ဝေစု ၇ ဒသမ ၃ ရာခိုင်နှုန်း၊ တတိယ တူရကီက ဈေးကွက်ဝေစု ၆ ဒသမ ၇ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာနိုင်ငံမှ နှမ်းများကို ယခုလက်ရှိ အချိန်တွင် အများဆုံးတင်ပို့နေသော နိုင်ငံများမှာ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ တိုင်ပေ(တရုတ်)၊ ထိုင်း ၊ ဟောင်ကောင် (တရုတ်) ၊ ဗီယက်နမ်၊ မလေးရှားနှင့် အိန္ဒိယတို့ဖြစ်ကြောင်း ITC Trade Data အရသိရသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့နှမ်းကို အများဆုံးဝယ်ယူသောနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု ၇၄ ဒသမ ၂ ရာခိုင်နှုန်း ရရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ပို့ကုန်ထိပ်တန်း အဆင့် (၅) နေရာတွင်ရှိနေပြီး ထိုင်းသို့ တင်ပို့မှုတွင် အဆင့် (၁)၊ စင်ကာပူ သို့ တင်ပို့မှုတွင် အဆင့် (၂)၊ ဂျပန်သို့ တင်ပို့မှုတွင် အဆင့် (၅)၊ ကိုရီးယားသို့တင်ပို့မှုတွင် အဆင့်(၇)၊ မလေးရှားနှင့် တရုတ်သို့ တင်ပို့မှုတွင် အဆင့် (၉)၊ အိန္ဒိယသို့ တင်ပို့မှုတွင် အဆင့်(၁၇)၊ နေရာများတွင် စာရင်းဝင်လျက်ရှိသည်။ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယတို့သည် ကမ္ဘာ့ဝယ်လိုအားနှင့် အာရှထိပ်တန်းစာရင်းဝင်ဖြစ်ခြင်း၊ စင်ကာပူ၊ ထိုင်းတို့သည် အိမ်နီးချင်းအာရှနိုင်ငံများဖြစ်ခြင်း၊ အခွန်နည်းပါးခြင်းတို့ကြောင့် လက်ရှိဈေးကွက် တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်းတို့သို့ ဈေးကွက်ပိုမိုတိုးချဲ့သင့်ပါသည်။ အမေရိကန်သည်ကမ္ဘာ့ဝယ်လိုအား ထိပ်တန်းနိုင်ငံ၊ နယ်သာလန်သည် အီးယူဝယ်လိုအား ထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နှုန်းသက်သာခြင်း၊ ယင်းနိုင်ငံများသို့ တင်ပို့မှုစာရင်းတွင် မြန်မာမပါဝင်သေးခြင်းတို့ကြောင့် ဈေးကွက်ထိုးဖောက် သင့်သည့်နိုင်ငံများဖြစ်ပါသည်။